
TEA
Translator-Min Hein Htet
၈၀ ခုနှစ်မှာ
စာစဉ်(၂၉)

# ၈၀ ခုနှစ်မှာ
# စာစဉ် (၂၉)
# အပိုင်း (၂၈၁)
# ဦးလေးလေးကို ရှာဖွေခြင်း

*

သူတို့ မတွေ့ရတာ ဆယ်စုနှစ်တစ်ခုကျော် ကြာခဲ့ပြီ ဖြစ်ပေမယ့် ဆစ်ရှောင်ဟွေးရဲ့ စိတ်ထဲမှာ ဆစ်ဝေမင်းနဲ့ ပတ်သက်တဲ့ ပုံရိပ်တွေက ရှင်သန်နေဆဲပဲ။ ကိုယ့်အဖေအရင်းထက်တောင် ပိုပြီး ပီပြင်နေသေးတယ်။

အဖေနဲ့ပတ်သက်တဲ့ သူ့ရဲ့ မှတ်ဉာဏ်တွေက သူငယ်ငယ် သူဖျားနာနေချိန်တွေလောက်မှာပဲ ကန့်သတ်ထားတယ်။ အဲဒီအချိန်တွေဆို အဖေ

က အမေ့ကို ခဏခဏ ဒေါသထွက်တတ်တယ်။ သူ့အပေါ်မှာလည်း သိပ်ပြီး ကြင်ကြင်နာနာ မရှိခဲ့သလို၊ တစ်ခါတလေ ထူးဆန်းတဲ့ အကြည့်တွေနဲ့ စိုက်ကြည့်နေတတ်တယ်။ နောက်ပိုင်းတော့ သူလည်း အဖေ့အနားမှာ နေရတာကို မကြိုက်တော့ဘဲ ခပ်ခွာခွာပဲ နေခဲ့တော့တယ်။

ဝေဝါးစပြုနေပြီဖြစ်တဲ့ ဒီမှတ်ဉာဏ်တွေက ဦးလေးလေးအကြောင်း တွေးမိလိုက်ချိန်မှာ ရုတ်တရက် ပြန်ပေါ်လာခဲ့တယ်။

သူ့အဖေ သေဆုံးရတာက ထုန်မိသားစုကြောင့်လို့ သူ အပြစ်တင်ခဲ့တယ်။ အဖေဆုံးပြီး နောက်ပိုင်းမှ ဦးလေးလေးက ပိုက်ဆံတွေစရှာပြီး ပျောက်ကွယ်သွားခဲ့တာလို့ သူ ယုံကြည်ထားတယ်။ သူဟာ အဖေ့ရဲ့ မေတ္တာကို ဆုံးရှုံးခဲ့ရုံသာမက ဦးလေးလေးရဲ့ ဂရုစိုက်မှုကိုပါ ဆုံးရှုံးခဲ့ရတယ်။ အခု ဦးလေးလေးရဲ့ သတင်းကို

ကြားလိုက်ရတော့ ဆစ်ရှောင်ဟွေး တကယ်ပဲ ဝမ်းသာသွားတယ်။

"မင်းရဲ့ ဦးလေးကရော တို့ကို မကူညီဘူးဆိုရင် ဘယ်လိုလုပ်မလဲ" ဆောင်ယုက မသေချာသလို မေးတယ်။ သူက ကုန်ကျစရိတ်ကြီးမားတဲ့ ကျူ တိုက လူနေမှုဘဝနဲ့ မရင်းနှီးသလို၊ အသက်မွေးဝမ်းကျောင်းပြုစရာ ပညာရပ်လည်း ဘာမှ မရှိဘူးလေ။ ဆွေမျိုးတွေရဲ့ အကူအညီသာ မပါရင် သူတို့ ရှင်သန်နိုင်ဖို့ အခွင့်အရေး မရှိဘူး။

အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ဖြစ်လာမယ်ဆိုတဲ့ မျှော်လင့်ချက်တွေ အပါအဝင် သူတို့ရဲ့ အစီအစဉ်တွေ အားလုံး ပျက်စီးသွားခဲ့ပြီမို့ ဆောင်ယုတစ်ယောက် သူတို့ရဲ့ အနာဂတ်အတွက် လုံးဝ လမ်းပျောက်နေခဲ့ပြီ။

"မဖြစ်နိုင်ပါဘူး၊ တို့တွေက လက်ထပ်စာချုပ်

တောင် ရပြီးပြီပဲ။ ငါ့ဦးလေးလေးက ငါ့ကို အမြဲတမ်း အလိုလိုက်တာ" ဆစ်ရှောင်ဟွေးရဲ့ မှတ်ဉာဏ်ထဲက ဦးလေးလေးက အတိတ်မှာပဲ ရပ်တန့်နေတယ်။ ဦးလေးလေးက သူ့ကို အချစ်ပိုတယ်ဆိုတာကို ယုံကြည်နေပြီး အကြောင်းပြချက် ပေးတယ်။ "ဦးလေးလေး အဆင်ပြေနေတယ်ဆိုရင် တို့တွေ စီးပွားရေးလုပ်ဖို့ သူ့ဆီက ပိုက်ဆံချေးလို့ ရတယ်။ တကယ်လို့ သူ အဆင်မပြေဘူးဆိုရင်တောင် တို့တွေကို အလုပ်တစ်ခုတော့ ရှာပေးနိုင်မှာပါ။ အနည်းဆုံးတော့ တို့ကို လမ်းဘေးမှာ အိပ်ရအောင် ပစ်ထားမှာ မဟုတ်ပါဘူး"

ဆောင်ယု နည်းနည်း စိတ်အေးသွားတယ်။ "တို့တွေ အရင်ဆုံး တည်းဖို့နေရာ တစ်ခု ရှာကြတာပေါ့၊ မနက်ဖြန်ကျမှ မင်းဦးလေးကို သွားရှာကြမယ်လေ"

ညဥ့်နက်နေပြီဖြစ်လို့ စာရွက်ပေါ်က လိပ်စာက ဘယ်နားမှန်းလည်း သူတို့ မသိတာကြောင့်၊ ဒီည အတွက် တည်းခိုစရာ နေရာရှာပြီး မနက်ဖြန်ကျ မှ လမ်းမေးသွားဖို့ပဲ ရှိတော့တယ်။

ရှောင်ဟွေးရဲ့ ဦးလေးက အစ်ကိုဖြစ်သူလောက် သွေးမအေးဖို့ပဲ သူ မျှော်လင့်တော့တယ်။ မဟုတ် ရင် သူ တကယ်ကို ဘာလုပ်ရမှန်း မသိတော့ ဘူး။ တကယ်လို့ ဆစ်ရှောင်ဟွေးကို လီစီးတီးကို ပြန်ခေါ်သွားရင် လင်းဖန်ရင်းက သေချာပေါက် သူတို့အိမ်မှာ ပြဿနာလာရှာမှာပဲ။ မောင်နှမ တွေ အများကြီး ပြွတ်သိပ်နေရတဲ့ အိမ်မှာ နေရာ ကလည်း မရှိသလောက်ပဲ။ သူဆို ပုံမှန် နွား တင်းကုပ်မှာပဲ အိပ်ရတာ၊ ရှောင်ဟွေးကို အဲဒီမှာ သွားအိပ်ခိုင်းလို့မှ မဖြစ်တာ။

ဆစ်ရှောင်ဟွေးကလည်း လုံးဝ သဘောတူမှာ မဟုတ်ဘူး။ ကွာရှင်းမယ်ဆိုပြီး ပြဿနာတောင်

ရှာလာနိုင်တယ်။

သူ့မိသားစု အခြေအနေက ဆိုးရွားနေပြီးသား။ တကယ်လို့များ ကွာရှင်းလိုက်ရပြီး တစ်မုဆိုး ဖြစ်သွားရင် သူ တစ်သက်လုံး လူပျိုကြီးဘဝနဲ့ပဲ ဇာတ်သိမ်းသွားလောက်တယ်။

ဒီဘက်မှာတော့ ဆစ်ရှောင်ဟွေးတို့ကို လွှတ်လိုက်ပြီးနောက် ထုန်ယောင် အခန်းထဲ ပြန်ဝင်လာတယ်။ သူက ဘာမှ မတတ်နိုင်သလို ပခုံးတွန့်လိုက်ပြီး "ငါ သူတို့ကို လိပ်စာပေးလိုက်တယ်၊ မနက်ဖြန်ဆို သူတို့ ဦးလေးကို သွားရှာကြလောက်တယ်" လို့ ပြောလိုက်တယ်။

အမှန်အတိုင်း ပြောရရင် သူက သူတော်စင် တစ်ယောက် မဟုတ်သလို၊ ဖြစ်လည်း မဖြစ်နိုင်ပါဘူး။ ဆစ်ရှောင်ဟွေးသာ အသိတရား ရှိမယ်ဆိုရင် နောင်ကျ သူ့ကို ဆိုးဆိုးရွားရွား ဆက်ဆံမှာ မဟုတ်ဘူး။ အခု ဆစ်ရှောင်ဟွေးက

လက်တွဲဖော် တွေ့သွားပြီ။ အဲဒီလူရဲ့ အကျင့်စရိုက် ဘယ်လိုပဲ ရှိနေပါစေ၊ ဆစ်ရှောင်ဟွေးက သူနဲ့ ပျော်နေတယ်ဆိုရင် ထုန်ယောင်အနေနဲ့ ဘာမှ ထပ်ပြောနေစရာ အကြောင်းမရှိဘူး။

ဘာပဲဖြစ်ဖြစ် သူက မရီးလေ၊ သူတော်စင်မှ မဟုတ်တာ။ အားလုံးက အရွယ်ရောက်ပြီးသူတွေ ဖြစ်နေပြီမို့ ကိုယ့်ကံကြမ္မာနဲ့ကိုယ်ပဲလေ။

ဒါပေမဲ့လည်း သူ့ရဲ့ စိတ်တစ်နေရာမှာတော့ ဆောင်ယု စကားပြောပုံကို ကြည့်ပြီး သူ့ကို သဘောကျဖို့ ခက်ခဲတယ်လို့ ခံစားရတယ်။ ဒါပေမဲ့ ဒါက ဆစ်ရှောင်ဟွေးကို သူ တကယ် မချစ်ဘူးလို့ ဆိုလိုတာမှ မဟုတ်တာ။ ဘယ်သူသိမှာလဲ။ သူက ဆစ်ရှောင်ဟွေးကို တစ်သက်လုံး ကောင်းကောင်းမွန်မွန် ထားသွားမယ့်သူလည်း ဖြစ်လာနိုင်တာပဲ။

ဒီလိုကိစ္စမျိုးတွေက အမြဲတမ်း မသေချာဘူး

လေ။

ဆစ်ချန်က ခေါက်စားပွဲကို သိမ်းဆည်းပြီး အိပ်ခန်းထဲကို တန်းဝင်သွားတယ်။ ပြီးတော့ ခံစားချက်ကင်းမဲ့စွာနဲ့ ပြောလိုက်တယ်။ "တစ်ယောက်က ဆွေမျိုး ပြန်ဆက်ချင်နေတယ်၊ နောက်တစ်ယောက်က အကူအညီ လိုနေတယ်။ သူတို့ လိုအပ်ချက်တွေက ကွက်တိ သွားကျနေတာပဲ"

သူ ဒီလောက် တည်ငြိမ်နေတာကို မြင်တော့ ထုန်ယောင် နည်းနည်း ဇဝေဇဝါ ဖြစ်သွားတယ်။ သူက သူ့နောက်ကနေ လိုက်သွားပြီး မေးလိုက်တယ်။ "ရှင် တကယ်ပဲ ရှောင်ပေှာ့ကိစ္စကို ထပ်ပြီး ဝင်မပါတော့ဘူးလား"

ဆစ်ချန်က ခံစားချက်တွေကို မျက်နှာပေါ်မှာ ဖော်ပြလေ့ မရှိပေမယ့် သူက မောင်နှမတွေ အပေါ် တကယ် ဂရုစိုက်တတ်ပြီး

တစ်ကိုယ်ကောင်းဆန်တဲ့သူ မဟုတ်ဘူးဆိုတာ ထုန်ယောင် သိတယ်။ အခု ရှောင်ဟွေးအပေါ်ထားတဲ့ သူ့ရဲ့ သဘောထားကိုတော့ သူ သေချာနားမလည်နိုင်အောင် ဖြစ်နေရတယ်။

"သူတို့က လက်ထပ်စာချုပ်လည်း ရပြီးပြီ၊ လင်မယားတွေလည်း ဖြစ်နေပြီ။ အခု ငါတို့ ဘာပဲပြောပြော ဒါကို ပြောင်းလဲနိုင်မှာ မဟုတ်ဘူး။ သူ ဒီလမ်းကို ရွေးခဲ့မှတော့ သူ့ဘာသာ လျှောက်ပါစေ။ နှစ်ယောက်စလုံးက အလုပ်လုပ်နိုင်တဲ့သူတွေချည်းပဲ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည်ရင် သူများအပေါ် မှီခိုတဲ့သူတွေ ဖြစ်သွားလိမ့်မယ်" ဆစ်ချန်က နှုတ်ခမ်းကို အနည်းငယ်ဟရုံသာ လှုပ်ရှားပြီး မျက်မှောင် အနည်းငယ် ကြုတ်ကာ ပြောတယ်။ "ငါ ရှောင်ဟွေးအကြောင်း သိတယ်။ အခု ငါတို့ သူ့ကို ကူညီလိုက်ရင် သူက နောက်ထပ် အဓိပ္ပာယ်မရှိ

တဲ့ တောင်းဆိုမှုတွေ ဆက်လုပ်လာလိမ့်မယ်"

"..."

ဆစ်ချန်ရဲ့ တည်ငြိမ်တဲ့ ဆင်ခြင်တုံတရားကြောင့် ထုန်ယောင် အံ့ဩသွားတယ်။ စကားနည်းတဲ့ သူဖြစ်ပေမယ့် ဒီကိစ္စကို သူ အများကြီးတွေးတောထားခဲ့တာ သိသာတယ်။

ဒါက ပိုတောင် ကောင်းသေးတယ်။ သူ့အတွက်ပြဿနာ အများကြီး ကင်းဝေးသွားတာပေါ့။

တကယ်လို့ ဆစ်ချန်က သူ့ညီမဘက်ကချည်းအမြဲ ရပ်တည်နေရင် သူ့အတွက် အတော်လေးနေရခက်မှာ။

ဆစ်ရှောင်ဟွေးက တော်တော်လေး ကလည်ကကျစ်ကျတယ်။ သူ့ကို အလျှော့ပေးလေလေ၊ ပြဿနာ ပိုရှာနိုင်လေလေပဲ။ အပြင်ပန်းကြည့်ရတာ သဘောကောင်းပုံရတဲ့ ယွမ်ချိုင်ကျိန်းတစ်ယောက် ဆစ်ရှောင်ဟွေးကို ကိုင်တွယ်နိုင်ပါ့မ

လားလို့ သူ တွေးမိတယ်။

ထုန်ယောင်က အသေးအမွှား ကိစ္စလေးတွေ အတွက် ပြဿနာရှာရတာ မကြိုက်ဘူး။ သူက ဒီ ကိစ္စကို ချက်ချင်း ခေါင်းထဲက ထုတ်ပစ်လိုက်ပြီး ကူဟုန်ဝေနဲ့ ငါးမွေးမြူရေးလုပ်ငန်းအကြောင်း ဆွေးနွေးဖို့ပဲ အာရုံစိုက်လိုက်တယ်။ ဒီလုပ်ငန်း အကြောင်း ပိုသိလာလေလေ၊ ဒါဟာ အခွင့်အလမ်းကောင်း တစ်ခုပဲလို့ သူ ပိုခံစားရ လေလေပဲ။

ဆစ်ရှောင်ဟွေးနဲ့ ဆောင်ယုတို့ ဟိုတယ်လေး တစ်ခုမှာ တစ်ည တည်းခိုလိုက်ကြပြီး တည်းခိုခ က လီစီးတီးထက် နှစ်ဆလောက် ပိုများနေတာ ကို တွေ့လိုက်ရတယ်။ သူတို့ ရင်ကွဲမတတ် ဖြစ် သွားတယ်။ ဒီလို သုံးစွဲနှုန်းနဲ့ဆို သူတို့ဆီမှာရှိတဲ့ ပိုက်ဆံတွေက သိပ်ကြာကြာ ခံမှာ မဟုတ်ဘူး။

မိုးလင်းတာနဲ့ သူတို့ ပစ္စည်းတွေ သိမ်းဆည်းပြီး

လိပ်စာအတိုင်း ဆစ်ဝေမင်းကို သွားရှာကြတယ်။ ဆောင်ယုက အငှားကား စီးချင်ပေမယ့် ရှောင်ဟွေးက ပိုက်ဆံမကုန်ချင်ဘူးလေ။ နောက်ဆုံးတော့ သူတို့ လမ်းမေးရင်း နှစ်နာရီကျော်လောက် လမ်းလျှောက်သွားတော့မှ ဆစ်ဝေမင်းရဲ့အိမ်ကို ရောက်သွားကြတယ်။

ဆစ်ဝေမင်းရဲ့ အိမ်က ကျိုတိုမြို့ဆင်ခြေဖုံး လမ်းဘေးမှာ ရှိတယ်။ ခြံထဲမှာ အုတ်တိုက် သုံးလုံးနဲ့ ခြံဝင်းငယ်လေးတစ်ခု အပါအဝင် စုစုပေါင်း စတုရန်းမီတာ ၁၀၀ လောက် ရှိတယ်။ အနက်ရောင် သစ်သားတံခါးကြီးက ပိတ်ထားပေမယ့် သော့ခတ်မထားဘူး။ အဲဒီအချိန်က ကျိုတိုမှာ ဒီလိုအိမ်မျိုးတွေက အတွေ့ရများပြီး ယေဘုယျပြောရရင် သူ့အိမ်က မဆိုးလှပါဘူး။

ဆစ်ရှောင်ဟွေးက လက်ဖဝါးတွေ ချွေးပြန်လာတဲ့အထိ စိတ်လှုပ်ရှားစွာ ရပ်နေပြီး တံခါးခေါက်

ဖို့ သတ္တိမရှိဘဲ အတော်ကြာအောင် တုံ့ဆိုင်းနေခဲ့တယ်။ ဦးလေးလေး သူ့ကို မမှတ်မိတော့မှာကို ကြောက်နေတာလေ။

အချိန်တွေ အများကြီး ကြာခဲ့ပြီဖြစ်လို့ သူ မှတ်ဉာဏ်ထဲက ဦးလေးလေးရဲ့ ရုပ်သွင်က လည်း ဝေဝါးနေပြီ။ သူ မှတ်မိတာဆိုလို့ ငယ်ငယ်က ဦးလေးလေးက သူ့အပေါ် အရမ်းကောင်းတယ်၊ သကြားလုံးတွေ ဝယ်ကျွေးတယ်၊ ပခုံးပေါ် ခဏခဏ တင်ပိုးလေ့ရှိတယ် ဆိုတာ လောက်ပါပဲ။

နောက်ဆုံးတော့ ဆက်မစောင့်နိုင်တော့တဲ့ ဆောင်ယုကပဲ တံခါးကို ခေါက်လိုက်တယ်။ မကြာခင်မှာပဲ ခြံထဲကနေ ခြေသံတွေ ကြားလိုက်ရပြီး တစ်ယောက်ယောက်က အထဲကနေ တံခါးလာဖွင့်ပေးတယ်။ ဝမ်းသာအားရနဲ့ ဆစ်ရှောင်ဟွေးက ဦးလေးလေးလို့ လှမ်းခေါ်မလို့ လုပ်

လိုက်တယ်။ ဒါပေမဲ့ တံခါးလာဖွင့်တဲ့သူကို မြင်လိုက်ရချိန်မှာတော့ ပါးစပ်အဟောင်းသားနဲ့ အေးခဲသွားပြီး ပြောမယ့်စကားတွေကို မြိုချလိုက်ရတယ်။

"ဘယ်သူ့ကို ရှာနေတာလဲရှင်" ယွမ်ချိုင်ကျိန်းက တံခါးဝမှာ ရပ်နေတဲ့ သူစိမ်းတွေကို ကြည့်ပြီး ဇဝေဇဝါ မျက်နှာထားနဲ့ မေးလိုက်တယ်။

"..."

ဆစ်ရှောင်ဟွေးနဲ့ ဆောင်ယုတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြတယ်။ လိပ်စာ မှားလာတာလားလို့ သူတို့ ပထမဆုံး တွေးမိသွားတယ်။

သချာအောင် ဆောင်ယုက မေးလိုက်တယ်။ "ခွင့်ပြုပါဗျာ၊ ဒါက ချောင်ယန်လမ်း အမှတ် ၉၇ လား"

"ဟုတ်ပါတယ်... ဘာကိစ္စများ ရှိလို့လဲရှင်"

ယွမ်ချိုင်ကျိန်းက ပိုပြီး ဇဝေဇဝါ ဖြစ်သွားတယ်။ ဒီလူနှစ်ယောက်ကို သူ မသိတာတော့ သေချာနေတယ်လေ။

အဲဒီအခါ ဆစ်ရှောင်ပေ့ွ တစ်ခုခုကို သတိပြုမိသွားတယ်။ သူ့မျက်နှာပျက်သွားပြီး ပျော်ရွှင်မှုတွေ အားလုံး ပျောက်ကွယ်သွားတယ်။

တစ်ဖက်မှာတော့ ဆောင်ယုက ဘာမှ မှုမမှန်တာကို သတိမထားမိဘူး။ လိပ်စာမှန်ကြောင်း သေချာသွားတာနဲ့ သူက "ဒီမှာ ဆစ်ဝေမင်း နေတာလားဗျ" လို့ မေးလိုက်တယ်။

ဆစ်ဝေမင်းကို ရှာနေတယ်ဆိုတာ ကြားတော့ ယွမ်ချိုင်ကျိန်း ပြုံးလိုက်ပြီး "သူက ကျွန်မအမျိုးသားပါ" လို့ ဖြေတယ်။

အခုတော့ လိပ်စာမမှားဘူးဆိုတာ သေချာသွားလို့ ဆောင်ယု စိတ်အေးသွားပြီး ပြုံးလျက် ပြောလိုက်တယ်။ "အန်တီ... ကျွန်တော်တို့က အန်

တိ့အမျိုးသားရဲ့ တူနဲ့ တူမတွေပါ။ ဒါက ရှောင်ဟွေး၊ ကျွန်တော်က ဆောင်ယုပါ။ ကျွန်တော်တို့ ကိုကြီးကို အခုလေးတင် ရောက်လာတာ။ မရီး ထုန်ယောင်က လိပ်စာပေးလိုက်လို့ပါ"

"အို... ကလေးတို့ နှစ်ယောက်ကိုး၊ လာလာ အထဲဝင်ကြ"

သူက သူ့ယောက်ျားနဲ့ တူဖြစ်သူကြားက ဆက်ဆံရေးကို အမြဲတမ်း ပြန်လည်ကောင်းမွန်စေချင်ပေမယ့် အခွင့်အရေး မရခဲ့ဘူး။ အခုလို တူမဖြစ်သူက ရုတ်တရက် အလည်လာတော့ ယွမ်ချိုင်ကျိန်း သဘာဝကျကျပဲ အရမ်းဝမ်းသာသွားတယ်။ ဒါပေမဲ့ တူမဖြစ်သူရဲ့ ရောက်ရှိလာမှုက သူ့ရဲ့ မိသားစုလေးကို ပြိုကွဲလုမတတ် ဖြစ်စေလိမ့်မယ်ဆိုတာကိုတော့ အဲဒီအချိန်က သူ လုံးဝ မသိခဲ့ရှာဘူး။

နှစ်တွေအတော်ကြာပြီးတဲ့နောက် ဒီဖြစ်ရပ်ကို

ပြန်တွေးမိတိုင်း သူ့ သားနဲ့ ချွေးမရှေ့မှာ မကျေမ
ချမ်း ညည်းတွားရတဲ့အထိပါပဲ။

အပိုင်း (၂၈၁) ပြီးဆုံး

***